# အင်္ဂလန်ခရီး မပြီးသေးပါ (၁၂)

## အရှင်ဉာဏိက



ဒီနေ့ မန်ချက်စတာမြို့ထဲကို လည်ကြမယ်။နေ့ဆွမ်းကိုလည်း ရောက်တဲ့နေရာမှာ ဘုန်းပေးကြမယ်။ ကြုံသလိုပေါ့။ ခရီးသွားဆိုတာ ကြုံသလိုအိပ် ကြုံရာမှာနား, သင့်သလို စားတတ်ပါမှ တကယ့်ခရီးသွားပီသမယ် မဟုတ်လား။နံနက် ၉ နာရီမှာ တည်းခိုရာကျောင်းက စထွက်တယ်။ ထွက်စက ကောင်းကင်တခွင် ကြည်ကြည်လင်လို့ နေသာနေဆဲ။ ကျောင်းနဲ့မြို့လယ်က (၁၅) မိနစ်ခန့် ဘတ်စကားခရီး။ အဝေးကြီးမှ မဟုတ်ပဲ။ ဖြုန်းစားကြီး ပြောင်းသွားတဲ့ရာသီဥတု။ မန်ချက်စတာ မြို့လယ်ရောက်တော့ မိုးက သဲသဲမဲမဲ ရွာပါလေရော။ ဒါပေမယ့် တော်ပါသေးတယ်။ မိုးကြောက မရှေ့ပေသမို့။

မြို့လယ်ကတဆင့် ဘတ်စကားပြောင်းစီးရတယ်။ သွားမှာက သိပ္ပံပြတိုက်ဆီကို။ ကားစပြီး စီးစက ရွာနေဆဲ သဲသဲမဲမဲမိုးက ပြတိုက်ကိုရောက်တော့ စင်စင်လင်းနေပြီ။ နေရောင်ခြည်တောင် ဖြာစပြုပြီ။ အပြောင်းအလဲ မြန်လွန်းလှတဲ့ ရာသီဥတု။ ဘာနဲ့များတူတယ်လို့ နှိုင်းရပါ့။ နှိုင်း, မနှိုင်းတတ်တော့ပါဘူး။ တိမ်တွေကို မိုးရေနဲ့ဆေးပစ်လိုက်လို့ထင့်။ ကောင်းကင်တစ်ခွင်လုံး လင်းလို့ရှင်းလို့။ မိုးရေဆေးပြီးစ တိမ်ကြားကနေ ထွက်ပေါ်လာတဲ့ နေရောင်ခြည်က ဝင်းလက်တောက်ပလို့။ မန်ချက်စတာရဲ့ အသစ်အဟောင်း ရောယှက်ထားတဲ့ မြင်ကွင်းကို ပိုပြီးပီပြင်ထင်လင်းစေတယ်။ ဒီအနေအထားကပဲ မန်ချက်စတာ ပသာဒကို တိုးလို့ စွဲမက်ဖွယ်ဖြစ်စေနိုင်ရဲ့ ထင်ပါရဲ့။ နွေနံနက်ခင်း မျှော်လင့်ထားခြင်း အလျင်းမရှိပါဘဲ ရုတ်တရက် ရွာချလိုက်တဲ့ မိုးကိုပဲ ကျေးဇူးတင်ရမလိုပါပဲ။

သိပ္ပံပြတိုက်အတွင်းမှာတော့ ကျောင်းဝတ်စုံတွေကိုယ်စီနဲ့ ကျောင်းသားအုပ်စုတွေက ဟိုနားဒီနား အပြည့်။ တချို့အစုက အဝါရောင်ဝတ်စုံလေးတွေ။ တချို့ကတော့ အပြာ၊ တချို့က အစိမ်း။ စသဖြင့်။ ကျောင်းအသီးသီးရဲ့ အမှတ်တံဆိပ်လေးတွေကိုယ်စီနဲ့။ ပြတိုက်ထဲမှာလည်း Learning center ဆိုတဲ့ စာသင်ခန်းတွေနဲ့။ တချို့အုပ်စုလေးတွေက စာသင်ခန်းတွေထဲမှာ။ တချို့နေရာတွေမှာတော့ ကလေးငယ်တွေ ကိုယ်တိုင် စမ်းသပ်လုပ်ကိုင်နေကြတာကိုလည်း တွေ့ရရဲ့။ နွေကျောင်းပိတ်တော့မယ်လေ။ ဒီတော့ စာသင်ခန်းထဲမှာ စာသင်ချိန်အစား ဗဟုသုတဖြစ်ဖွယ်နေရာများဆီကို စုပေါင်းပြီး ခရီးထွက်ကြပြီပေါ့။ ဒါကသူတို့ဒေသရဲ့ အလေ့အထ။ အသိပညာဆိုတာ စာအုပ်ထဲမှာချည်း၊ စာသင်ခန်းထဲမှာချည်းမှ ရှိတာမဟုတ်တာပဲ။ ပကတိအရှိ လောကထဲကနေရတဲ့ အသိဉာဏ်က လောကနဲ့ပိုပြီး အံဝင်ဂွင်ကျဖြစ်နိုင်မှာပေါ့လေလို့ သူတို့အတွက် မုဒိတာပွားမိပါတယ်။ ကိုယ်ငယ်ငယ်က ဒီလိုအခွင့်အလမ်းမျိုး ဘယ်ရနိုင်ခဲ့မှာလဲ။ ကိုယ့်လိုပဲ ဒီလိုအခွင့်အလမ်းမျိုး မရနိုင်ရှာဖြစ်နေကြတဲ့ ကလေးငယ်တွေကိုလည်း တွေးမိကာ သနားကရုဏာပွားခဲ့မိပါသေးတယ်။

လူတစ်ယောက် ကြီးပွားတိုးတက်အောင်မြင်ဖို့ ပတိရူပဒေသဝါသ–အခြေခံ ရေခံမြေခံကောင်းတဲ့ နေရာအရပ် လိုအပ်တယ်။ သပ္ပုရိသူပနိဿယ–စိတ်ထားကောင်းပြီး ပညာအမြော်အမြင်နဲ့ပြည့်ဝတဲ့ ဆရာကောင်းသမားကောင်း မှီရာကောင်း လိုအပ်တယ်–လို့ ဗုဒ္ဓဟောကြားထားခဲ့တဲ့ စကားက ဦးနှောက်ထဲဝင်လာတယ်။ ဒီလိုအခွင့်အလမ်းမျိုးကလည်း လူတိုင်းရနိုင်တဲ့အရာမှ မဟုတ်တာ။ ကံမကောင်းအကြောင်းမလှလို့ ဒီလိုအခွင့်အလမ်းမျိုးတွေ မရနိုင်တဲ့သူတွေအနေနဲ့တော့ အတ္တသမ္မာပဏိဓိ–ဆိုတဲ့ ကိုယ့်ကိုယ်ကို ကောင်းမွန်အောင်ထိန်းသိမ်းစောင့်ရှောက်ပြီး ကြိုးစားအားထုတ်ရမယ်။ အဲဒီလိုကြိုးစားအားထုတ် လုပ်ယူမယ်ဆိုလျင်ဖြင့် ကိုယ်လိုချင်တဲ့အရာ အားလုံးမဟုတ်လျင်

တောင် အတိုင်းအတာအထိ အောင်မြင်ပြည့်စုံတဲ့သူတစ်ဦး ဖြစ်နိုင်ပါတယ်–တဲ့။ တော်သေးတာပေါ့။ အချို့သူတွေကို
ဒီစကားလေးနဲ့ပဲ အားပေးစကားဆိုရမှာ။

ဆိုင်းယင့်စ် မြူစီယံလို့ အလွယ်ခေါ်ကြပေမယ့် ပြတိုက်ကို Museum of Science and Industry (MOSI) လို့
အမည်ပေးထားတာ။ သိပ္ပံနဲ့စက်မှုလုပ်ငန်းပြတိုက်ပေါ့။ ဒီတော့ ပြတိုက်ထဲမှာ မန်ချက်စတာမြို့ရဲ့ စက်မှုလုပ်ငန်း သ
မိုင်းကြောင်းက အဓိကနေရာယူထားတယ်။ လူ့အင်အားကနေ စက်အင်အားပြောင်းလဲသုံးစွဲခြင်းအကြောင်း ပြသ
ရာမှာ ချည်မျှင်နဲ့အဝတ်ထည်လုပ်ငန်းမှာ ရှေ့တန်းကရှိခဲ့တဲ့ မန်ချက်စတာက ချည်မျှင်လုပ်ငန်း သမိုင်းကြောင်းကို ခမ်း
ခမ်းနားနား ပြသထားတယ်။ စက်မှုတော်လှန်ရေးခေတ်မှာ ထွန်းကားခဲ့တဲ့ စက္ကူအခြေခံ သတင်းစာလုပ်ငန်းတွေ၊
လျှပ်စစ်ပါဝါ ထုတ်လုပ်မှုတွေ၊ ပို့ဆောင်ဆက်သွယ်ရေး စနစ်တွေနဲ့ စက်မှုသုံးကိရိယာတန်ဆာပလာတွေကို ခေတ်
အလိုက်ပြသထားပုံက စိတ်ဝင်စားစရာ။ သိပ္ပံနဲ့ စက်မှုနည်းပညာကို စိတ်ဝင်စားတန်ဖိုးထားသူတွေအတွက် တန်ဖိုး
မဖြတ်နိုင်တဲ့ ဗဟုသုတတွေကို ပေးနိုင်မယ့်နေရာဌာနတစ်ခုပါ။ အချိန်ပေးကာ လေ့လာရမည့်ပြတိုက် မျိုးပေါ့။ ကိုယ်
ကတော့ သိပ္ပံနဲ့ နည်းပညာထက် အနုပညာနဲ့ခံစားမှုဆိုင်ရာကို ပိုပြီးစိတ်ဝင်စားသူမို့ သိပ္ပံပြတိုက်ထက် အနုလက်ရာ
ခံစားဖွယ်ရာတွေ ပြသထားတဲ့နေရာမျိုးကို ပိုပြီးအချိန်ပေးတတ်ပါတယ်။

နေ့လယ်ပိုင်းမှာတော့ မြန်မာဘောလုံးဝါသနာအိုးတွေရဲ့ အကြိုက်ဖြစ်တဲ့ မန်ချက်စတာ ဘောလုံးသင်းရှိတဲ့ အိုးထ
ရက်ဖို့စတေဒီယမ်ဖက်ကို သွားကြတယ်။ အိုးထရက်ဖို့ကတော့ ကွင်းပြင်အလယ်မှာ ခမ်းခမ်းနားနား။ သစ်သစ်လွင်
လွင်။  မန်ချက်စတာယူနိုက်တစ်ရဲ့ ကျော်ကြားမှုက အိုးထရစ်ဖို့ကို ကမ္ဘာအရပ်ရပ်က ခရီးသွားတွေအတွက် လည်
ပတ်စရာ တစ်နေရာ ဖြစ်စေခဲ့တယ်။ ကိုယ့်လိုပဲ ဒီနေရာကိုလာရောက်ကြည့်ရှုသူတွေနဲ့ စည်စည်ကားကား။ အိုးထ
ရက်ဖို့နဲ့ မန်ယူရဲ့သမိုင်းကို အနီးကပ်လေ့လာနိုင်အောင် ခရီးစဉ်ကို စီစဉ်ထားတာရှိတယ်။ ဒီအတွက် လက်မှတ်ဝယ်
ဖို့လည်းလိုတယ်။ ဒီခရီးမျိုးက ကိုယ့်ရဲ့အကြိုက်မဟုတ်။လက်ဆောင်ပစ္စည်းရောင်းတဲ့ဆိုင်ကိုပဲ ခဏဝင်ရောက်ကြည့်
ရှုခဲ့တယ်။ ကွင်းရှေ့မှာရှိတဲ့ မန်ယူရဲ့ တရိုင်နီတီလို့ဆိုတဲ့ ဘက်၊ လော နဲ့ ချာလ်တန် ရဲသုံးဖော်ရဲ့ ရုပ်တုကို နောက်ခံ
ထားလို့ အမှတ်တရဓာတ်ပုံရိုက်ခဲ့တယ်။ဓာတ်ပုံရိုက်နေစဉ်မှာ ယူနိုက်တစ်ရဲ့ ဝန်ထမ်းတစ်ဦးက သူ့ကိုသူ လာရောက်
မိတ်ဆက်ပြီး မန်ချက်စတာယူနိုက်တစ်ဟာ သူ့ရဲ့ အိမ်၊ သူ့ရဲ့ဘုရားကျောင်း၊ သူ့ရဲ့ဘာသာရေးနဲ့ သူ့ရဲ့ဘုရားသခင်ပါ
ပဲလို့ ရယ်ရယ်မောမော ပြောသွားသေးတယ်။သူလည်းပဲ မန်ယူခရေဇီ အကြီးတစ်ယောက်ဖြစ်မှာပေါ့လေ။ ဟိုးအဝေး
ကြီးရှိ ကမ္ဘာတစ်လွှားက သူတွေတောင် မန်ယူခရေဇီဖြစ်သေးတာပဲ မဟုတ်လား။ ဒီမှာနေ၊ ဒီမှာစား၊ ဒီမှာပဲ သူ့ဘဝ
ကို တည်ဆောက်ထားသူတစ်ယောက်အဖို့ မန်ယူမှတစ်ပါး ကိုးကွယ်ရာ မရှိနိုင်တော့တာ ဘယ်မှာအဆန်းတော့
လည်း ဟုတ်ပါတော့မလဲ။

အိုးထရက်ဖို့က ပရိတ်သတ် ခုနစ်သောင်းခြောက်ထောင်ကျော်ဆန့်တယ်တဲ့။ အင်္ဂလန်ရဲ့ ဝင်ဘလေကွင်းကြီးပြီးလျှင်
ဖြင့် အင်္ဂလန်ရဲ့ ဒုတိယအကြီးဆုံး ဘောလုံးကွင်းဖြစ်ပါသတဲ့။ နောင်မှာလည်း တိုးချဲ့ဖို့အစီအစဉ်ရှိနေတာမို့ ပရိတ်
သတ် ကိုးသောင်းငါးထောင်ကျော်ဆန့်တဲ့ ကွင်းကြီးဖြစ်လာမယ်လို့ ဆိုလေရဲ့။ အိုးထရက်ဖို့ထဲက ကော်ဖီဆိုင်ရှေ့
ရောက်တော့ ကော်ဖီဆိုင်မှာတပ်ဆင်ထားတဲ့ တီဗီကနေ မန်ယူစတား ခရစ်စတီယာနို ရော်နယ်ဒိုကို ပေါင်သန်းရှစ်
ဆယ်နဲ့ ရီးယဲလ်မဒရစ်ကို ရောင်းလိုက်ပြီဆိုတဲ့အကြောင်း အ
ထူးသတင်းအဖြစ် ကြေငြာနေတယ်။ လူတစ်ယောက်ရဲ့ တန်ဖိုး
တောင် ဒီလောက်ကြီးနေမှတော့လည်း မန်ယူရဲ့တန်ဖိုး၊ အိုးထ
ရက်ဖို့နဲ့မန်ယူ ကမ္ဘာကျော်နေတာ အဆန်း ဘယ်ဟုတ်ပေလိမ့်
မလဲ။ မန်ယူလို ချစ်ခင်လေးစားမှုမျိုးနဲ့ ကျော်ကြားတာကတော့
ဂုဏ်ယူဖွယ်ရာပါ။




အိမ်ရှင် မန်ချက်စတာယူနိုက်တစ်နဲ့ အင်္ဂလိပ် မရီမီယာလိဂ်
ဘောလုံးအသင်းတွေပြိုင်ရာတိုက်က ကမ္ဘာကျော်ကလပ်အသင်း

တွေ အိုးထရက်ဖို့မှာပဲ အကြိမ်ကြိမ်ကစားခဲ့ကြပြီမို့ အကြောင်းအမျိုးမျိုးနဲ့ ဘောလုံးကိုစိတ်ဝင်စားတဲ့ မြန်မာပြည်သားတွေ အိုးထရက်ဖို့ကိုတော့ တီဗီကတဆင့် မြင်ဖူးပြီးဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ တီဗီမှာမြင်ရခဲ့တဲ့ အိုးထရက်ဖို့ရဲ့ ပတ်ဝန်းကျင် အခင်းအကျင်းကလည်း အားကစားအသင်းတစ်သင်းအတွက် ပိုပြီး ဂုဏ်တက်ဖွယ်တွေ ရှိပါသေးကြောင်းကိုတော့ အမှတ်ရရ ပြောပြချင်ပါတယ်။ အိုးထရက်ဖို့ရဲ့ ချစ်စနိုးနာမည်က Theatre of Dreams တဲ့။ ဒီအိပ်မက်ကပွဲရုံမှာ လုပတဲ့ အိပ်မက်ဇာတ်ကို အကောင်အထည်ဖော်ကပြ အသုံးတော်ခံဖို့ စိတ်ကူးယဉ်နေတဲ့ ကမ္ဘာတစ်လွှားက ဘောလုံးသမားလေးတွေလည်း အမြောက်အများရှိမှာပါပဲ။ ကိုယ်ကတော့ အလွန်ဆုံးမှ သူတို့တွေရဲ့ ပွဲကြည့်သူကောင်း၊ အားပေးသူကောင်းတစ်ဦး ဖြစ်နိုင်ရုံမျှသာပါပဲ။



အိုးထရက်ဖို့ဘောလုံးကွင်းအနီးက မန်ချက်စတာရဲ့ ခေတ်သစ်မြင်ကွင်းကလည်း မှတ်မှတ်ရရ ရှိစရာပါ။ ဒီနေရာ တဝိုက်ကိုတော့ ဆဲဖို့ကေး(Salford Quays) လို့ခေါ်ကြတယ်။ ခေတ်မီတံတားနဲ့ အဆောက်အဦတွေ၊ စစ်သမိုင်း ပြတိုက်နဲ့ အနုပညာဆိုင်ရာ ပြခန်းတွေ၊ ဈေးဆိုင်ကြီးတွေနဲ့ ဆိပ်ကမ်းတွေ၊ လူနေစရာ ခေတ်မီတိုက်တာတွေနဲ့ ဘီဘီစီလို ကျော်ကြားတဲ့ သတင်းဌာနတွေရဲ့ ရုံးစိုက်ရာ ဝန်းကျင်တစ်ခုဖြစ်လာလို့ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ဆက်သွယ်ရေးစတာတွေမှာ အချက်အခြာကျတဲ့ နေရာဒေသတစ်ခုဖြစ်လာဖို့ မျှော်လင့်ထားကြပါတယ်။ ဒါဟာဖြင့် မန်ချက်စတာသားတို့ရဲ့ The Greater Manchester Projects မှာ မက်နေကြတဲ့ အိပ်မက်ထဲက တစ်ကွက်ဖြစ်မှာပေ့ါ။ ဘာမင်ဟန်တို့ လီဗာပူးတို့ကိုဖြတ်ပြီး အင်္ဂလန်ရဲ့ ဒုတိယမြို့တော်အဖြစ် မန်ချက်စတာသားတို့ကတော့ မှတ်တမ်းတင်နေကြပြီလေ။ ကိုယ့်လို ပြင်ပကနေ ခဏတာ လာရောက်လည်ပတ်နေတဲ့ ကမ္ဘာလှည့်ခရီးသွားတွေအဖို့တော့ အိုးတရက်ဖို့နဲ့ ဆဲဖို့ဒ်ကေး ပတ်ဝန်းကျင်ဒေသလေးဟာ စိတ်ထဲမှာ အချိန်ကြာကြာ ထင်ထင်ရှားရှား အမှတ်ရနေစေနိုင်မယ့် လှပတဲ့ တနေရာ ဖြစ်နိုင်ပါတယ်ဆိုတဲ့ အကြောင်းကို မန်ချက်စတာသားတွေကြားအောင် သတင်းကောင်းပါးလိုက်ချင်ပါရဲ့။ ။